## ကိုယ်အင်္ဂါထိခိုက်မှုအာမခံ ပေါ်လစီစည်းမျဉ်းများ

၁။ အောက်ပါအဖြစ်အပျက်များနှင့် အကြောင်းအရာများကြောင့်လည်းကောင်း၊ အကျိုးဆက်များကြောင့်လည်းကောင်း၊ ဖြစ်ပေါ်သည့်သေဆုံးခြင်း၊ မစွမ်းမသန်ဖြစ်ခြင်းနှင့်ဒဏ်ရာရခြင်း စသည်မှာ ဤအာမခံ၌ အကျုံးမဝင်ပါ-

(က) ကြိုတင်ကြံရွယ်ချက်ဖြင့်မိမိကိုယ်ကိုဒဏ်ရာအနာတရဖြစ်စေခြင်း၊ မစွမ်းမသန်ဖြစ်စေခြင်းနှင့် သေဆုံးခြင်း။

(ခ) မူးယစ်စေတတ်သော ဆေးဝါးသုံးစွဲထားစဉ်(သို့) သုံးစွဲခြင်းကြောင့် ဒဏ်ရာအနာတရ ဖြစ်ခြင်း၊ မစွမ်းမသန်ဖြစ်ခြင်းနှင့် သေဆုံးခြင်း။

(ဂ) ရောဂါကြောင့်သေဆုံးခြင်း၊ မစွမ်းမသန်ဖြစ်ခြင်း။

(ဃ) စစ်ဖြစ်ပွားခြင်း(စစ်ကြေငြာသည်ဖြစ်စေ၊ မကြေငြာသည်ဖြစ်စေ ) စစ်အသွင်တိုက်ခိုက်ခြင်း၊ ပြည်တွင်းစစ်၊ ပုန်ကန်ခြင်း၊ အဓိကရုဏ်း၊ စစ်တပ်(သို့) လူထုအုံကြွခြင်း၊ သောင်းကျန်းခြင်း၊ သူပုန်ထခြင်း၊ တော်လှန်ရေး၊ စစ်တပ်အာဏာသိမ်းခြင်း၊ စစ်အမိန့်ထုတ်ပြန်ခြင်း (သို့) သိမ်းပိုက်ထားခြင်း၊ ပြည်တွင်းဆူပူ သောင်းကျန်းခြင်း၊ ၎င်းတို့ကို ဖြစ်ပေါ်စေသော အကြောင်းရင်းများ(သို့) ၎င်းတို့၏ အကျိုးဆက်များကြောင့် ဒဏ်ရာရခြင်း၊ မစွမ်းမသန်ဖြစ်ခြင်းနှင့် သေဆုံးခြင်း။

(င) ရာဇဝတ်မှုကျူးလွန်ရာမှ ဒဏ်ရာအနာတရဖြစ်ခြင်း၊ မစွမ်းမသန်ဖြစ်ခြင်းနှင့် သေဆုံးခြင်း။

(စ) သူတပါး၏လက်ချက်ကြောင့်ဖြစ်စေ၊ သူတပါး၏ကြိုးပမ်းအားထုတ်မှုကြောင့်ဖြစ်စေ၊ ယင်းနှင့်စပ်လျဉ်း၍ ဖြစ်စေဒဏ်ရာရခြင်း၊ မစွမ်းမသန်ဖြစ်ခြင်းနှင့် သေဆုံးခြင်း။

၂။ မတော်တဆထိခိုက်မှုဖြစ်ပွားပြီးနောက် ၃ လ ကျော်လွန်ပြီး ၄ လမတိုင်မီ ဖြစ်ပေါ်သော ဒဏ်ရာရခြင်း၊ မစွမ်းမသန်ဖြစ်ခြင်းနှင့်သေဆုံးခြင်းများမှာ အဆိုပါ မတော်တဆဖြစ်ပွားမှုကြောင့် ဖြစ်ကြောင်း ခိုင်လုံစွာ သက်သေပြနိုင်မှသာ ၎င်းတို့သည် ဤအာမခံ၌ အကျုံးဝင်မည်ဖြစ်သည်။

၃။ အကျိုးခံစားခွင့်တောင်းခံမည့် အဖြစ်အပျက် တစ်စုံတစ်ရာဖြစ်ပေါ်ပါက အချက်အလက် အပြည့်အစုံနှင့်တကွ ဤကုမ္ပဏီသို့ ၁၄ ရက်အတွင်း အကြောင်းကြားရမည်။ သတ်မှတ်ထားသော တောင်းခံလွှာဖြင့် လိုအပ်သော အထောက်အထားများ ပူးတွဲ၍တောင်းခံရမည်။

၄။ ဒဏ်ရာရခြင်း၊ မစွမ်းမသန်ဖြစ်ခြင်းနှင့် သေဆုံးခြင်းများအတွက် ကုမ္ပဏီ၏ ဆရာဝန်များက အလောင်းကို ခွဲစိတ်စစ်ဆေးခြင်း (Post- mortem Examination) အပါအဝင် လိုအပ်သလို စစ်ဆေးမည်။

၅။ ဤကုမ္ပဏီက ဤအာမခံကိုဖျက်သိမ်းခဲ့လျှင် တည်မြဲခဲ့သောကာလအတွက် အချိုးကျ ရက်တွက် ပရီမီယံနှုန်း (pro rata)နှင့် တွက်ချက်၍ ပိုငွေ ပြန်အမ်းမည်။

၆။ ပေါ်လစီတစ်စောင်အတွက် အများဆုံးရနိုင်သော အကျိုးခံစားခွင့် စုစုပေါင်းမှာ အာမခံထားငွေ ဖြစ်သည်။

၇။ မစွမ်းမသန်ဖြစ်ခြင်းအတွက် အကျိုးခံစားခွင့်ကို အခြားအကျိုးခံစားခွင့်နှင့် ပူးတွဲခံစားခွင့်မရှိပါ။

၈။ အကျိုးခံစားခွင့်ပေးလျော်ခြင်းနှင့်စပ်လျဉ်း၍ အာမခံထားသူ/အကျိုးခံစားခွင့်ရှိသူနှင့် အာမခံလက်ခံသူတို့ သဘောထားကွဲပြားခြားနားမှု ပေါ်ပေါက်ခဲ့လျှင် တစ်ခြားကိစ္စများမပါဝင်ဘဲ ယင်းခြားနားမှုတစ်ခုတည်းအတွက်သာ သဘောထားမတိုက်ဆိုင်သူ(၂)ဦးက စာဖြင့်ရေးသား ခန့်အပ်သော အနုညာတခုံလူကြီး၏ဆုံးဖြတ်ချက်ကို နာခံရမည်။ (သို့မဟုတ်) ၎င်းတို့



CALL CENTER 01-9010900

(၂)ဦးက ခံလူကြီးတစ်ဦးတည်း ခန့်အပ်ခြင်းကို သဘောမတူလျှင် ဆုံးဖြတ်ရမည့်ကိစ္စနှင့် လုံးဝမသက်ဆိုင်သည့် ခံလူကြီး(၂)ဦး၏ ဆုံးဖြတ်ချက်ကို နာခံရမည်။ အခြားတစ်ဦးက ခံလူကြီးခန့်ထားရန် စာရေးအကြောင်း ကြားလာလျှင် ကျန်တစ်ဦးက မိမိ၏ ခံလူကြီးအား ပြက္ခဒိန်(၂)လ အတွင်း ခန့်ထားရမည်။ သဘောထားမတိုက်ဆိုင်သူ တစ်ဦးဦးသည် မိမိ၏ခံလူကြီးအား ခန့်ထားရန် နို့တစ်စာကို လက်ခံရရှိပြီးနောက် ပြက္ခဒိန်(၂)လအတွင်း မိမိ၏ ခံလူကြီးအားခန့်ထားရန် ငြင်းဆန်လျှင်သော်လည်းကောင်း၊ ပျက်ကွက်လျှင်သော်လည်းကောင်း၊ ကျန်သဘောထား မတိုက်ဆိုင်သူက တစ်ဦးတည်းသောခံလူကြီးကို ခန့်ထားပိုင်ခွင့်ရှိသည်။ ခံလူကြီး(၂)ဦးအတွင်း သဘောထားကွဲလွဲ လျှင် ဆုံးဖြတ်ရန်ကိစ္စကို မဆောင်ရွက်မီကပင် ၎င်းတို့(၂)ဦးစလုံးက ကြိုတင် စာရေးခန့်ထားသော ဒိုင်လူကြီး၏ ဆုံးဖြတ်ချက်ကို နာခံရမည်။ ဒိုင်လူကြီးသည် ခံလူကြီးများနှင့် အတူတကွရုံးထိုင်ကာ ၎င်းတို့ ဆွေးနွေးညှိနှိုင်းခြင်း အပေါ်တွင် သဘာပတိမှုရမည်။ သဘောထားမတိုက်ဆိုင်သူ တစ်ဦးဦးသေဆုံးခြင်းကြောင့် ခံလူကြီး၊ ခံလူကြီးများ (သို့မဟုတ်) ဒိုင်လူကြီး၏အာဏာနှင့် လုပ်ပိုင်ခွင့်အသီးသီးကို မထိခိုက်၊ မပျက်ပြယ်စေရ။ ခံလူကြီးတစ်ဦး (သို့) ဒိုင်လူကြီး သေဆုံးလျှင် ၎င်းအားခန့်အပ်ခဲ့သော သဘောထားမတိုက်ဆိုင်သူကလည်းကောင်း၊ ခံလူကြီးများကလည်းကောင်း၊ (ဖြစ်ပေါ်သည့်အတိုင်း) သေဆုံးသူအစား အခြားတစ်ဦးဦးအား အစားထိုး ခန့်ထားရမည်။ ဆုံးဖြတ်ရန် ဆောင်ရွက်ခြင်းနှင့် ဆုံးဖြတ်ချက်ချမှတ်ခြင်းတို့အတွက် ကျသင့်စရိတ်စကမှာ ယင်းဆုံးဖြတ်ချက်ကိုချမှတ်သည့်ခံလူကြီး၊ ခံလူကြီးများ၊ (သို့မဟုတ်) ဒိုင်လူကြီး က သတ်မှတ်သည့်အတိုင်း ဖြစ်သည်။ အကျိုးခံစားခွင့်ပေးလျော်ခြင်းနှင့် စပ်လျဉ်း၍ အငြင်းပွားပါက ခံလူကြီး၊ ခံလူကြီးများ၊ (သို့မဟုတ်) ဒိုင်လူကြီး၏ ဆုံးဖြတ်ချက်ကိုဦးစွာရရှိပြီးမှသာ ဤပေါ်လစီနှင့်အညီ မည်သည့်ဥပဒေအကြောင်းအရ ဆောင်ရွက်ခြင်း သို့မဟုတ် တရားစွဲဆိုခြင်းကိုမဆို ပြုလုပ်နိုင်ခွင့်ရှိသည်။ ထိုကဲ့သို့ တရားဥပဒေစွဲဆိုခြင်းကို ဆုံးဖြတ်ချက် ရရှိပြီးနောက် (၁၂)လအတွင်း မဆောင်ရွက်လျှင် အကျိုးခံစားခွင့်တောင်ခံခြင်းကို လုံးဝစွန့်လွှတ်လိုက်ပြီဟု ယူဆရမည်ဖြစ်ကာ မည်သည့်အကျိုးခံစားခွင့်ကိုမျှ မရရှိနိုင်တော့ပါ။

၉။ အဆိုလွှာတွင် ဖြည့်စွက်ချက်များ/အဖြေစသည်များ တိကျမှန်ကန်ခြင်းနှင့် ပေါ်လစီစည်းမျဉ်းများ ကို လိုက်နာဆောင်ရွက်ခြင်းမှာ အကျိုးခံစားခွင့်ပေးချေခြင်းအတွက် အဓိကလိုအပ်ချက်များ ဖြစ်သည်။

မှတ်ချက်။ အကျိုးခံစားခွင့် လွှဲပြောင်းခံရသူမှာ အရွယ်မရောက်သေးသူဖြစ်လျှင် မိဘအရင်း သို့မဟုတ် တရားဝင်အုပ်ထိန်းခွင့်ရရှိသူသို့ ထုတ်ပေးမည်။ အကျိုးခံစားခွင့် လွှဲပြောင်းခြင်းခံရသူမှာ အာမခံထားသူထက်စော၍ ကွယ်လွန်ခဲ့ပြီး အကျိုးခံစားခွင့်ကို ထပ်မံမပြင်ဆင်၊ မပြောင်းလွဲရသေးမီ အာမခံထားသူကွယ်လွန်လျှင် အာမခံလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေအပိုဒ် (၁၂)(ဆ) နှင့်အညီ အောက်ပါအစီအစဉ်အတိုင်း အကျိုးခံစားခွင့် ထုတ်ပေးမည်-

အာမခံထားသူ၏

၁။ ခင်ပွန်း (သို့မဟုတ်) ဇနီး

၂။ သား/သမီး

၃။ မြေး

၄။ ညီအကို/မောင်နှမ

၅။ မိဘ



CALL CENTER 01-9010900